# သာ့ဒ်မစ်လ်အင်စတီကျူ

## စာရိတ္တထိန်းသိမ်းခြင်း အထိမ်းအမှတ်တံဆိပ်

*ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း ပေတည်း။*

**ဂလာတိ ၅:၂၂**

အသင်းတော် သို့မဟုတ် မည်သည့်အမှုတော်တွင်ဖြစ်စေ ခေါင်းဆောင်မှုအတွက် အရေးကြီးဆုံးအရည်အသွေးတစ်ခုသည် ဘုရားသခင်နှစ်သက်သောစရိုက်လက္ခဏာ ဖြစ်သည်။ စရိုက်လက္ခဏာကို အဘိဓာန်တွင် "တစ်ဦးတစ်ယောက်၏ ထူးခြားသောစိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာအရည်အသွေးများ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ဆိုလျှင်၊ ဘုရားသခင်နှစ်သက်သောစရိုက်လက္ခဏာသည် ဂလာတိ ၅ ပါ ဝိညာဉ်အသီးကဲ့သို့သော ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖော်ပြထားသည့် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အရည်အသွေးများ ဖြစ်ပေလိမ့်မည်။ သို့သော်၊ အမှုတော်လုပ်ငန်းအောင်မြင်ခြင်း၊ အသင်းတော်သို့ လူများစွာ လာရောက်ခြင်း၊ ကျွန်ုပ်တို့၏သွန်သင်ခြင်းကို လူများစွာနှစ်သက်ခြင်း ကဲ့သို့သောအရာများသည် ဘုရားသခင်နှစ်သက်သော စရိုက်လက္ခဏာထက် အမှုတော်တွင် ပိုမိုအရေးကြီးလာသည်။ ကျွန်ုပ်တို့၏ အတွင်းအသက်တာနှင့် ဝိညာဉ်အသီးကို ဖွံ့ဖြိုးတိုးတက်စေမည့်အစား အကျင့်စရိုက်ကိုအလေးမထား အကျိုးရလဒ်ကိုသာအဓိကထားသောအမှုတော်သည် ရှေ့တန်းရောက်လာသည်။ ဤတံဆိပ်တွင်၊ ကျွန်ုပ်တို့၏အမှုတော်များ၊ ဘဝများနှင့်သက်ဆိုင်သော မေးခွန်းများမေးမြန်းပြီး၊ ဘုရားသခင်နှစ်သက်သော စရိုက်လက္ခဏာတွင် မည်ကဲ့သို့ကြီးထွားရမည်ကို လေ့လာပါမည်။

## တံဆိပ်အစိတ်အပိုင်းများ-

**ပတ်ဝန်းကျင်နှင့် စရိုက်လက္ခဏာ –** သင့်ပတ်ဝန်းကျင်နှင့် သမ္မာကျမ်းစာ နှစ်ခုစလုံးသည် အောင်မြင်မှုကို မည်သို့ရှုမြင်သနည်း။

**သင်နှင့် စရိုက်လက္ခဏာ** – ကျွန်ုပ်တို့၏အားသာချက်များ၊ အားနည်းချက်များနှင့်ပတ်သက်၍ မည်သည့်အရာ သိရှိရသနည်း။

**ဘုရားသခင်၏ကတိတော်များနှင့် စရိုက်လက္ခဏာ –** ဘုရားသခင်၏ကတိတော်များနှင့် ကျေးဇူးတော်သည် ဘုရားသခင်နှစ်သက်သောစရိုက်လက္ခဏာကို မည်သို့ တည်ဆောက်ပေးသနည်း။

# ဆွေးနွေးရန်ခေါင်းစဉ်များ-

1. သင့်ပတ်ဝန်းကျင်သည် အောင်မြင်မှုကို မည်သို့သတ်မှတ်သနည်း။
2. သင့်အသင်းတော် သို့မဟုတ် အမှုတော်သည် အောင်မြင်မှုကို မည်သို့ သတ်မှတ်သနည်း။
3. သင့်ပတ်ဝန်းကျင်နှင့် အသင်းတော် သို့မဟုတ် အမှုတော်နှစ်ခုစလုံးသည် အောင်မြင်မှုအပေါ် အကောင်း၊ အဆိုးကို မည်သည့်နည်းလမ်းများဖြင့် သတ်မှတ်ပါသနည်း။
4. အမှုတော်လုပ်ငန်းတွင် အောင်မြင်မှုကို ပိုမိုကောင်းမွန်စွာ တိုင်းတာနိုင်သည့်အရာသည် အဘယ်နည်း။
5. တိတု ၁:၇ ၌ ခေါင်းဆောင်များသည် "အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော သူဖြစ်ရမည်။ ကိုယ်အလိုသို့ လိုက်တတ်သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့်ပျော်မွေ့သောသူ၊ သူတပါးကို ရိုက်ပုတ်သောသူ၊ မစင်ကြယ်သောစီးပွါးကို တပ်မက်သောသူ မဖြစ်ရ" ဟုသွန်သင်သည်။
6. အသင်းတော်တွင် သို့မဟုတ် ခရစ်ယာန်အမှုတော်တွင် ဤအရာများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ခေါင်းဆောင်များကို သင်မြင်ဖူးပါသလား။ ၎င်းသည် အသင်းတော် သို့မဟုတ် အမှုတော်လုပ်ငန်းအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။
7. တိတု ၁:၈ တွင် ခေါင်းဆောင်များသည် "ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ သူတော်ကောင်းနှင့် အဆွေဖွဲ့သောသူ၊ ဣန္ဒြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကို ချုပ်တည်းသောသူဖြစ်ရမည်"ဟု ဖော်ပြထားသည်။
8. အသင်းတော်တွင် ဤအရာများကို ပုံသက်သေပြသောခေါင်းဆောင်များကို သင်မြင်ဖူးပါသလား။ ၎င်းသည် အသင်းတော် သို့မဟုတ် အမှုတော်လုပ်ငန်းအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။
9. ဝိညာဉ်အသီးနှင့် တိတု ၁ တွင်ဖော်ပြထားသော ခေါင်းဆောင်တစ်ဦးအတွက် လိုအပ်သောအရည်အသွေးများကို မှတ်သားခြင်းဖြင့်၊ သင်သည် မည်သည့်စရိုက်လက္ခဏာအရည်အသွေးများ တိုးတက်ကြီးထွားရန် လိုအပ်သနည်း။
10. သင်ကြီးထွားရန်လိုသည်ဟု အခြားသူများသင့်ကိုမြင်သောအရာများကဲ့သို့ ခက်ခဲသောအရာများကိုနားထောင်ရန် သင်ဆန္ဒရှိပါသလား။
11. သင်သည် အခြားသူများသင့်ကို ပွင့်လင်းစွာပြောဆိုနိုင်သူ၊ ချဉ်းကပ်ရလွယ်ကူသူဖြစ်သည်ဟု သင့်ကိုယ်သင် ဆိုနိုင်ပါသလား။ သင့်ပတ်ဝန်းကျင်ရှိ အခြားသူများက သင်သည် ချဉ်းကပ်ရလွယ်ကူသူ ဖြစ်သည်ဟု ဆိုပါသလား။
12. အခြားသူများထံမှ ဝေဖန်မှုနှင့် ပြစ်တင်မှုများကို သင်မည်သို့ ခံယူသနည်း။

13. ဝေဖန်မှုနှင့် ပြစ်တင်မှုများကို ကောင်းမွန်စွာ ဖြေရှင်းနိုင်ခဲ့ချိန်နှင့် မဖြေရှင်းနိုင်ခဲ့သည့်အချိန်ကို ရှင်းပြပါ။
14. သင့်ဘဝတွင် သင်နှင့် ရိုးသားစွာပြောဆိုနိုင်ပြီး သင်တိုးတက်ရန် လိုအပ်သည့်နယ်ပယ်များကို မျှဝေပေးနိုင်သူ မည်သူရှိသနည်း။
15. သင့်ပင်ကိုယ်စရိုက်လက္ခဏာ၏ အားသာချက်အချို့ကား အဘယ်နည်း။
16. သင့်ပင်ကိုယ်စရိုက်လက္ခဏာ၏ အားနည်းချက်အချို့ကား အဘယ်နည်း။
17. သင့်အားသာချက်များနှင့်ပတ်သက်၍ မာနထောင်လွှားခြင်းမရှိဘဲ ၎င်းတို့ကို ခွန်အားတစ်ခုအဖြစ် မည်သို့ဆက်လက်တည်ရှိစေမည်နည်း။
18. သင့်ပင်ကိုယ်စရိုက်လက္ခဏာ၏ အားနည်းချက်များကို မည်သို့ဖော်ပြကာ၊ ကိုင်တွယ်ဖြေရှင်းနိုင်မည်နည်း။
19. သင့်စရိုက်လက္ခဏာကိုတိုးတက်စေသော သင်ကြုံတွေ့ရသည့် စိမ်ခေါ်မှုအခက်အခဲအချို့ကား အဘယ်နည်း။
20. သင့်စရိုက်လက္ခဏာကိုအားနည်းစေသော သင်ကြုံတွေ့ရသည့် စိမ်ခေါ်မှုအခက်အခဲအချို့ကား အဘယ်နည်း။

ခေါင်းဆောင်တစ်ဦးအဖို့ ဘုရားသခင်၏မျက်မှောက်တော်၊ တန်ခိုးတော်၊ ကတိတော်များနှင့် ကျေးဇူးတော်ကို အစဉ်သတိပေးနေခြင်းထက် ပိုအရေးကြီးသည့် အရာမရှိပါ။ သင့်အတွက် ဘုရားသခင်၏အကြီးမားဆုံးဆုလက်ဆောင်သည် ကျမ်းစာကျောင်းပညာမဟုတ်၊ စနစ်ကျသောဓမ္မပညာမဟုတ် သို့မဟုတ် အမှုတော်အတွက် ခေါ်ခြင်းမဟုတ်ပါ။ သင့်အတွက် ဘုရားသခင်၏အကြီးမားဆုံး ဆုလက်ဆောင်သည် သားတော်၌ပေးထားသော သူကိုယ်တိုင်ပင် ဖြစ်သည်။

1. ဤအရာများကိုသတိပေးနေခြင်းသည် သင့်စရိုက်လက္ခဏာ၊ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးကို တိုးတက်စေရန် မည်သို့ ကူညီပေးသနည်း။
2. ဘုရားသခင်၏မျက်မှောက်တော်၊ တန်ခိုးတော်၊ ကတိတော်နှင့် ကျေးဇူးတော်များအကြောင်း သင့်ကိုသတိပေးဖို့ရန် သင့်ဘဝတွင် မည်သည့်နည်းလမ်းများရှိသနည်း။
3. ဤအရာများကို သင့်အသက်တာတွင် ဖြည့်သွင်းခြင်းဖြင့် ဝိညာဉ်အသီးများ ပိုမိုကြီးထွားလာစေရန် မည်သို့ကူညီပေးနိုင်မည်နည်း။

# လှုပ်ဆောင်မှုအတွက် ခေါ်ဖိတ်ခြင်း-

1. သင့်စရိုက်လက္ခဏာကြီးထွားလာပုံအကြောင်း ပုံမှန်ပြောဆိုနိုင်မည့်သူတစ်ဦး သင်၌မရှိပါက၊ ရှာဖွေပါ။ ဤသူသည် သင့်စရိုက်လက္ခဏာတိုးတက်ရန် လိုအပ်သောနေရာများကိုမြင်သောအခါ ခက်ခဲမည့်အရာများကိုပင်လျှင် သင့်အားပြောဆိုရန် ဆန္ဒရှိသူဖြစ်ကြောင်း သေချာစေပါ။

2. ထိုပုဂ္ဂိုလ်သည်မည်သူဖြစ်ကြောင်း၊ သူ၏စကားများသည် သင့်ဘဝအပေါ် မည်သို့သက်ရောက်မှုရှိကြောင်း သင့်အဖွဲ့ကို ပြောပြပါ။

3. ဘုရားသခင်နှစ်သက်သော စရိုက်လက္ခဏာနှင့်ပတ်သက်၍ သင်သည် မည်ကဲ့သို့ကြီးထွားနိုင်မည်ကို စဉ်းစားကြည့်ပါ။ သင်၏ကြီးထွားမှုကို အထောက်အကူပြုရန် သင့်ဘဝတွင် မည်သည့်အရာများ ထည့်သွင်းမည့်အစီအစဉ်တစ်ခု ရေးဆွဲပါ။ ၎င်းကို သင်၏အဖွဲ့နှင့်မျှဝေပြီး သူတို့၏အကြံပြုချက်ကို တောင်းခံပါ။